# Windows Phone အတွက်နောက်ထပ်ခြေလှမ်း




မကြာသေးခင်က Windows Phone 7 ရောင်းရခဲ့တဲ့ အရေအတွက်က သိပ်တော့ အခြေအနေမကောင်းခဲ့ပါဘူး။ NPD group ရဲ့ အဆိုအရ ပြီး ခဲ့တဲ့ ၄ လပတ်အတွင်းမှာ အမေရိကန်နိုင်ငံအတွင်းမှာရှိတဲ့ new smartphone ဈေးကွက်ဟာ ၂ ရာခိုင်နှုန်းလောက်ပဲ ရှိခဲ့ပါတယ်၊ Nielsen ရဲ့အစီရင်ခံစာမှာတော့ Windows Phone တွေအတွက် ပိုမိုဆိုးရွားတဲ့ရလဒ် တွေသာ ရရှိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမ ၄ လပတ်မှာ အမေရိကန်နိုင်ငံရှိ smartphone owner တွေထဲမှာ Windows smart - phone က ၁.၇ ရာခိုင်နှုန်း လောက်ပဲ ဈေးကွက်ရရှိခဲ့ပါတယ်။ Micro - soft's older mobile platform အသုံးပြုတဲ့ Windows mobile တောင်မှ ၄.၁ ရာခိုင်နှုန်း ဈေးကွက် ဝေစု ရရှိခဲ့ပါတယ်၊

တစ်ခုချီးကျူးဖို့ကောင်းတာကတော့ 2010 Mobile World Congress မှာ Microsoft ရဲ့ အသစ်မွမ်းမံထားတဲ့ mobile platform ကို စတင် ပွဲထုတ်ခဲ့ပါတယ်။ Mango လို့ လူသိများတဲ့ Windows phone 7.5 update ဟာ တော်တော်လေး စိတ်ဝင်စားခြင်း ခံခဲ့ရပါတယ်၊ ပြီးခဲ့တဲ့နှစ်လောက်ကစပြီး Windows platform ဟာ Android နဲ့ iOS တွေကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်လောက်တဲ့ အနေထား ရှိပါ့မလားဆိုတဲ့ ဝေဖန်မှုတွေရှိလာ ခဲ့ပါတယ်။

အခု Windows 8 နဲ့ ထွက်လာမယ့် Windows phone တွေရဲ့ နောက်ထပ်ခြေလှမ်းက ဘာဖြစ်နိုင်မလဲ။ ယှဉ်ပြိုင်မှုက ပြီးဆုံးသွားပြီလား။ ဒါမှမဟုတ် Microsoft ရဲ့ နောက်ဆုံးထွက်ရှိလာတဲ့ mobile operating sys- tem က customer တွေရဲ့ အာရုံကို လုံးဝဖမ်းစားနိုင်မှာလားဆိုတာကိုတော့ စောင့်ကြည့်နေရအုံးမှာဖြစ်ပါတယ်။

## Tango Update

Windows Phone Tango ရဲ့ နောက်ထပ် update က နောက်ထပ်တစ်လ၊ နှစ်လအတွင်း ထွက်ရှိလာမှာဖြစ်ပါတယ်။ Microsoft က tango update နဲ့ပတ်သက်ပြီး addional feature တွေကိုတိတိကျကျ မကြေညာထားသေးပေမယ့် WPCentral.com မှာတော့ tango phone နဲ့ ပတ်သက်တဲ့ အချက်အလက်တွေရှိနေပါတယ်။ Update's new feature တွေအနေနဲ့ multiple image တွေမှာ text လုပ်နိုင်တဲ့စွမ်းဆောင်ရည်တွေ၊ forward calls လုပ်ဆောင်ချက်တွေ၊ hotspot အနေနဲ့ device ကိုအသုံးပြုနိုင်တဲ့ စွမ်းဆောင်ချက်တွေ ပါဝင်လာပါတယ်။

Tango ဟာ 800MHz processor တွေ run နိုင်အောင်အကောင်းဆုံး စွမ်းဆောင်ပေးထားပါတယ်။ အရင် Windows phone တွေမှာတော့ 1GHz ၊ ဒါမှမဟုတ် 1.4GHz snapdragon processor နဲ့ run ပါတယ်။ ဒီ development ကဘာကိုဆိုလိုသလဲဆိုတော့ Windows phone တွေဟာ တန်ဖိုးနည်း phone တွေမှာ ပါနိုင်ပြီဖြစ်ပါတယ်။ Microsoft ကတော့ သူ့ရဲ့ platform ကို တရုတ်၊ အိန္ဒိယတို့ထိပါ ဈေးကွက်ထိုးဖောက်မှာဖြစ်ပါတယ်၊ ဒါပေမဲ့ tandgo ကတော့ အခုထိတိုင် dual-core proces- sor ကို support မလုပ်ပေးနိုင်သေးပါဘူး။

Tango ပြီးရင်ရော ဘာများ ထပ်ပြီးတော့ ထွက်လာဦးမှာပါလဲ။ Microsoft ကတော့ တရားဝင်ဘာမှ ကြေညာထားခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ တခြားသတင်းရင်းမြစ်တွေကနေ ရရှိထားတာကတော့ "Apollo" လို့ နာမည်ပြောင်ပေးထားတဲ့ Windows Phone 8 ကတော့ Microsoft's tablet OS, Windows RT တွေနဲ့တူမှာ မဟုတ်ဘူးလို့ ဖော်ပြထားပါတယ်။ Windows phone တွေနဲ့ ပက်သက်ပြီး တော့ နည်းနည်းဇဝေဇဝါဖြစ်စရာတစ်ခုတော့ရှိတယ်။ Nokia ရဲ့ Lumia 900 လိုမျိုး Windows phone 7 ဟာ Windows phone 8 upgrade လုပ်ဖို့ ထောက်ပံ့ပေးမှာလားဆိုတာ မေးစရာဖြစ်လာပါတယ်၊ Microsoft က ပြောထားတာကတော့ Win- dows phone 7 တွေအတွက်လုပ်ထားတဲ့ app တွေထောက်ပံ့ပေးဖို့က သူတို့ရဲ့ နောက်ထပ်ဦးစားပေးပဲ ဖြစ်ပါတယ်။

ဘာမဆိုလုပ်နိုင်တဲ့ ဒီခေတ်ကြီးမှာတော့ Windows phone အားလုံးဟာ Windows phone 8 upgrade ဖြင့်လာနိုင်ပြီး Windows 8 Tablet နဲ့ Phone တွေဟာ OS တော app တွေကိုပါ အတူတူ သုံးနိုင်လာတော့မှာဖြစ်ပါတယ်၊ Windows Phone ရဲ့ အနာဂတ်နဲ့ပတ်သက်လို့ကတော့ သူ့ကိုယှဉ်ပြိုင်နိုင်တဲ့ mobile competitor က အများကြီးရှိလာမှာတော့ မဟုတ်ပါဘူး။ ■